## လာအိုနိုင်ငံရှိလူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း

*အာဆီယံထိပ်သီးခေါင်းဆောင်များအစည်းအဝေးတွင် ပျောက်ကွယ်လျက်ရှိသော ခေါင်းဆောင် Sombath Somphone အကြောင်းကို အလေးထားဆွေးနွေးသင့်,လွတ်လပ်မှုကို ပြင်းဆိုခြင်း*

ဘန်ကောက်၊ ၃၁ ရက်နေ့ ဩဂုတ်လ၊ ၂၀၁၆။ ဗီယန်ကျင်းမြို့တွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ အစည်းအဝေးမတိုင်မီညနေတွင် တရားမဝင်ထိန်းသိမ်းအကျဉ်းချခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းဖြစ်စဉ်များ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်အကြမ်းဖက်မှုများကို ဆွေးနွေးအဖြေရှာရန် လာအိုနိုင်ငံအစိုးရအား လူ့အခွင့်အရေးဆိုင်ရာအဖွဲ့များက တောင်းဆိုလိုက်ပါသည်။ စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့ အထိပြုလုပ်မည့် အာဆီယံအစည်းအဝေးတွင် ကမ္ဘာနိုင်ငံခေါင်းဆောင်များသည် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်ကြမည် ဖြစ်ပါသည်။ နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် လူ့အခွင့် အရေးနှင့်ရပိုင်ခွင့်များ၊ မီဒီယာလွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် စီးပွားရေး ပွင့်လင်း မြင်သာမှု တိုင်းတာရေးစံနှုန်းအဆင့်များတွင် လာအိုနိုင်ငံအား အောက်ဆုံးအဆင့်ရောက်စေသည့် ညှဉ်းပန်းနှိပ်စက်မတရားပြုမှုများကို မပြုလုပ်ရန် လာအိုအစိုးရအား ဖိအားပေးသင့်သည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ်တွင် The Sombath Initiative က ဦးစီးပြီး ယနေ့ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင် Sombath Somphone ရုတ်တရက်ပျောက်ကွယ်သွားမှု၊ လာအိုနိုင်ငံ၏ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိုင်ရာတားမြစ်ချက်များ၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်အားနည်းခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို ဖော်ဆောင်ရန်ပျက်ကွက်ခြင်းနှင့် နိုင်ငံတကာအထောက်အပံ့များနှင့် ရင်းနှီး မြှုပ်နှံမှုအကျိုးသက်ရောက်မှုများ ပါဝင်သည့်စာတမ်းများကို ထုတ်ပြန်ခဲ့ကြသည်။

"သူရုတ်တရက်ပျောက်ကွယ်သွားတာ အခုဆိုရင် (၃) နှစ်ကျော်သွားပါပြီ။ ဗီယန်ကျင်းမှာရှိတဲ့ ရဲတပ်ဖွဲ့ စစ်ဆေးရေးနေရာတစ်ခုကနေ ကားနဲ့သူ့ကို ခေါ်သွားကတည်းက ကျွန်မယောကျာ်းရဲ့အကြောင်းကို လာအိုအစိုးရအနေနဲ့ ဘာမှ ရှင်းရှင်းလင်းလင်းအဖြေမပေးခဲ့ပါဘူး။" ဟု Sombath Somphone ၏ ဇနီးသည်ဖြစ်သူ The Sombath Initiative ၏ဘုတ်အဖွဲ့ဝင် Shui Meng Ng ကပြောကြားခဲ့ပါသည်။ သမ္မတအိုဘားမား၊ ကုလသမဂ္ဂနဲ့ အခြားကိုယ်စားလှယ်တွေအနေနဲ့ Sombath ရဲ့ပျောက်ကွယ်သွားမှု နှင့်ပတ်သက်ပြီး ဖြေရှင်းပေးဖို့ လာအိုအစိုးရကို တိုက်တွန်းသင့်ပါတယ်။ သူ့ကို ကျွန်မနဲ့မိသားစု ရှိရာဆီပြန်လာနိုင်အောင် ဆောင်ရွက်ပေးသင့်ပါတယ်။ သူတို့အနေနဲ့ ဒီလို ရုတ်တရက်ဖမ်းဆီး ပျောက်ကွယ်

သွားမှုတွေကို အဆုံးသတ်ဖို့အတွက် အစိုးရကို တောင်းဆိုရမှာပါ။ ဒါမှလည်း လူထုအနေနဲ့ အစိုးရအပေါ် ကြောက်စိတ်အစား လေးစားမှုရရှိလာမှာဖြစ်ပါတယ်။

Sombath Somphone သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဒေသတွင်းနှင့် အမျိုးသားခေါင်းဆောင် တစ်ဦးဖြစ်ကာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်ပြီး လာအိုအစိုးရ အနေဖြင့် ယင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုအပေါ် ထိရောက်သော၊ ပြည့်စုံလုံလောက်သော စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်းမရှိခဲ့ချေ။ State Party တစ်ခုအနေဖြင့် the International Covenant on Civil and Political Rights and the Convention Against Torture အပါအဝင်သဘောတူစာချုပ်များအရ ၄င်းမည်သည့်နေရာတွင်ရှိနေသည် သို့မဟုတ် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာကတိကဝတ်များအရ ၄င်းအကြမ်းဖက်မှုများအတွက် မည်ကဲ့သို့စီရင်လိုက်သည်ကို လာအို အစိုးရအနေဖြင့် အသိပေးမှုလည်း မရှိခဲ့ချေ။ Sombath သည် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် Asia-Europe People’s Forum တွင် Lao National Organizing Committee တွဲဖက်ဥက္ကဌအဖြစ် လာအိုအစိုးရနှင့် အရပ်ဘက် အဖွဲ့အစည်းများကို ကူညီပေးခဲ့ပြီးနောက်တွင် ပျောက်ကွယ်သွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖိုရမ်တွင် အစိုးရ အဖွဲ့အနေဖြင့် နစ်လိုဖွယ်မရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုကိစ္စများ၊ မြေယာကိစ္စများ စသည့် ထိလွယ် ရှလွယ်ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။

“လွန်ခဲ့သည့် သုံးနှစ်က လာအိုအစိုးရကနောက်ဆုံးထုတ်ပြန်ခဲ့သည့် စစ်ဆေးစုံစမ်းမှုဆိုင်ရာအစီရင်ခံစာ တွင် ပါရှိသောအချက်များက လာအိုအစိုးရအနေဖြင့် ယင်းကိစ္စနှင့်စပ်လျဉ်းပြီးနိုင်ငံတကာဥပဒေများအရ ထိရောက်တဲ့ စုံစမ်းစစ်ဆေးမှုတွေမပြုလုပ်နေဘူးဆိုတာကို ဖော်ပြနေပါတယ်” ဟု the International Commission of Jurists (ICJ) ၏ Senior International Legal Adviser ဖြစ်သူ Kingsley Abbott ကပြောကြားခဲ့သည်။ “လာအိုအစိုးရအနေနဲ့ဒီအမှုကို စုံစမ်းစစ်ဆေးနေပါတယ်ဆိုပြီး နိုင်ငံတကာ အလယ်မှာ ပြောကြားနေရုံနဲ့တင် မလုံလောက်ပါဘူး။ နိုင်ငံတကာဥပဒေအရ လာအိုအာဏာပိုင်တွေ အနေနဲ့ ထိရောက်ပြီးအများယုံကြည်လက်ခံတဲ့ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ပြီး Sombath ရဲ့ဇနီးသည် Shui Meng အပါအဝင် အားလုံးကိုအဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး ပုံမှန်အသိပေးနေရမှာ ဖြစ်ပါတယ်”

လာအိုနိုင်ငံတွင် အခြေခံလူထုနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးများမှာ စနစ်တကျ ငြင်းဆိုမျက်ကွယ်ပြု ခံနေရပြီး အစိုးရအာဏာပိုင်များသည် နေ့စဉ်လူမှုဘဝအတွင်းဖြစ်စေ၊ အွန်လိုင်းပေါ်တွင်ဖြစ်စေ အစိုးရအား ဝေဖန်ပြောဆို သူများကိုအာဏာရှင်ဆန်ဆန်ပိုမိုအတင်းအဓမ္မဖမ်းဆီးမှုများကို နေ့စဉ်နှင့်အမျှ ပြုလုပ်လျက်ရှိသည်။ ၂၀၁၆

ခုနှစ် မေလတွင် လာအိုအာဏာပိုင်များသည် ထိုင်းနိုင်ငံအတွင်းတွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း လာအိုအစိုးရအား ဝေဖန်သည့်မှတ်ချက်များပြုခဲ့သည့် လာအိုရွှေ့ပြောင်း အလုပ်သမားသုံးဦးကို ဖမ်းဆီးပြီး အာဏာရှင်ဆန်ဆန် အကျဉ်းချခဲ့သည်။ ၂၀၁၅ ခုနှစ်စက်တင်ဘာလ အတွင်းကလည်း လာအိုတရားရုံးသည် ဖေ့စ်ဘုတ်လူမှုကွန်ယက်စာမျက်နှာတွင် ဝေဖန်ရေးသားမှုများ ပြုလုပ်ခဲ့သော တက်ကြွလှုပ်ရှားသူ Bounthanh Khammavong ကို ထောင်ဒဏ် ၄ နှစ်နှင့် ၉ လ ချမှတ်ခဲ့သည်။

လာအိုအစိုးရသည် လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းပေါ်တွင်လည်း လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်များနှင့် ကိုက်ညီမှုမရှိသော တားဆီးမှုများပြုလုပ်ခဲ့သည်။ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများအပါအဝင် အသင်းအဖွဲ့များမှတ်ပုံတင်ဖွဲ့စည်းခြင်းများကို တင်းကျပ်စွာချုပ်ကိုင်ခဲ့သည့် အပြင် အဆိုပါ အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုကို အတည်ပြုသည့် လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေများကိုလည်း နီးနီးကပ်ကပ်စောင့်ကြည့်လေ့လာခဲ့သည်။ ခွင့်ပြုချက် မရယူဘဲ အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်သည့်မည်သူမဆို ဖမ်းဆီးနှိပ်စက်ခြင်းခံရသည်။ အလုပ်သမား များမှာ Lao Federation of Trade Unions အဖွဲ့ဝင်များအဖြစ် မဖြစ်မနေလက်ခံရပြီး အခြားသော သမဂ္ဂများဖွဲ့စည်းခြင်းမှာ တရားမဝင်ပါချေ။ ကျေးရွာအဆင့်တွင် အဖွဲ့အစည်းအများအပြားမှာ ထိန်းချုပ်မှု ခံနေရပြီး လုပ်ငန်းများဆောင်ရွက်နေကြရသည်။ အများပြည်သူဆိုင်ရာ စုဝေးဟောပြော ခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်းများကို အစိုးရ၏ခွင့်ပြုချက်မရှိဘဲလုပ်ဆောင်ခွင့်မရှိပေ။ ယင်းကဲ့သို့ ခွင့်ပြုချက် မရှိဘဲ ပြုလုပ်သောလှုပ်ရှားမှုများကိုလည်း ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များက ချက်ချင်းတားမြစ် ရပ်ဆိုင်းကြသည်။

"လာအိုနိုင်ငံမှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ အစိုးရရဲ့မလိုမုန်းထားစောင့်ကြည့်မှုအောက်မှာ ရှိနေပြီး ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအချို့မှာသာ အခုလိုမျိုး လူထုအခြေပြုအဖွဲ့အစည်းတွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေထံမှာ ဒီလို ကြောက်ရွံ့ခြိမ်းခြောက်ခံရမှုတွေရှိနေတယ်ဆိုတာ ကုလသမဂ္ဂအရာရှိတွေ ကလည်းသတိပြုမိကြပါတယ်" ဟု ဖိလစ်ပိုင်ကွန်ဂရက်လွှတ်တော်အမတ်ဟောင်းနှင့် ASEAN Parliamentarians for Human Rights (APHR)အဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Walden Bello က ပြောကြားခဲ့သည်။ "လာအိုနိုင်ငံဟာအခုဆိုရင် အာဆီယံနိုင်ငံထဲမှာ လူ့အခွင့်အရေးတွေဖိနှိပ်ခံ နေရဆုံးသောနိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်လာနေပါပြီ၊ ဒေသတွင်းနဲ့ ကမ္ဘာတစ်ဝှမ်းက ခေါင်းဆောင်တွေ အနေနဲ့ ဒါကိုရပ်တန့်နိုင်ဖို့နည်းလမ်းရှာရမှာဖြစ်သလို ဗီယန်ကျင်းအစိုးရကိုလည်း အရပ်ဘက် အဖွဲ့အစည်း တွေကို

ချုပ်ခြယ်တင်းကျပ်တာတွေကို အဆုံးသတ်ဖို့အတွက် တောင်းဆိုရမှာဖြစ်ပါတယ်” ဟု ယင်းက ဆက်လက်ပြောကြားခဲ့သည်။

လာအိုနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ကျဆုံးနိုင်ငံအဖြစ်သတ်မှတ်ခံရခြင်းမှ ရုန်းထွက်နိုင်ရေးအတွက် အရည်အချင်းသတ်မှတ်ချက်ပြည့်မီနိုင်ရေးကြိုးပမ်းလျက်ရှိပြီး လျင်မြန်စွာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို တံခါးဖွင့်ပေးခဲ့သည်။ သို့ရာတွင် အစိုးရ၏သဟဇာတမဖြစ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးမဟာဗျူဟာက စိုးရိမ်ဖွယ်ရာ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့ပြီး အထူးသဖြင့် စီးပွားရေးလုပ်ငန်းများပြုလုပ်ရန် မြေယာများ ချပေးခြင်း၊ တာတမံများဆောက်လုပ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းကြီးများကြောင့် လူအများအပြားနေရာ ရွှေ့ပြောင်းခံခဲ့ရသည်။ အဆိုပါမဟာဗျူဟာကြောင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ အခွင့်အရေးများအပါအဝင် လူ့အခွင့်အရေးများကို ဆိုးဆိုးရွားရွား ထိခိုက်ခဲ့သည်။

“လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်အတွင်း လာအိုနိုင်ငံကို နိုင်ငံတကာထောက်ပံ့မှုများစွာပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများစွာ ရှိခဲ့ပေမယ့် လာအိုနိုင်ငံဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေ၊ ရေဆိုးစနစ်နှင့် ထိရောက်သော ဥပဒေစနစ်များရှိခြင်းတို့တွင် အားနည်းခဲ့ပါတယ်။ လာအိုနိုင်ငံအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှာ ကျေးလက်ဒေသရှိ လူထုနေထိုင်စားသောက်မှုနှင့် ၎င်းတို့၏အစားအစာရရှိမှု မူလရင်းမြစ် ဖြစ်သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါတယ်။ စားနပ်ရိက္ခာမလုံလောက်မှု၊ လာဘ်စားမှု၊ တန်းတူညီမျှမှုမရှိခြင်းနှင့် ရွှေ့ပြောင်း နေထိုင်သူတွေလည်း တိုးမြင့်လျက်ရှိပြီး သာမန်လူတန်းစားများမှာ အသက်ရှင်ရပ်တည်နိုင်ရန် အလွန် ခက်ခဲလာပါတယ်” ဟု Focus on the Global South ၏တာဝန်ခံ ညွှန်ကြားရေးမှူး Shalmali Guttal က ပြောကြားခဲ့သည်။

“ဂျပန်နိုင်ငံ၊ အာရှဖွံ့ဖြိုးမှုဘဏ်နဲ့ ကမ္ဘာ့ဘဏ်အစရှိတဲ့အလှူရှင်တွေဟာ လာအိုနိုင်ငံကို ချေးငွေတွေ၊ ထောက်ပံ့မှုတွေ ဆက်လက်ပေးသွားဖို့ရှိနေပါတယ်၊ ဒါပေမယ့် ဒါတွေဟာ တစ်ကယ်ထိရောက်မှုရှိ /မရှိ၊ သာမာန်ပြည်သူလူထုအပေါ်မှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးတွေ ရှိ/ မရှိဆိုတာ ကိုတော့ ထည့်သွင်းစဉ်းစားပုံမရပါဘူး” ဟု Mekong Watch မှ Senior Advisor ဖြစ်သူ Toshi Doi က ပြောကြားခဲ့သည်။

ASEAN Peoples’ Forum/ASEAN Civil Society Conference စတင်ကျင်းပခဲ့သော ၂၀၁၅ ခုနှစ်မှ ယခုကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်နိုင်ငံတွင် (APF/ACSC) ကို ခါတိုင်းကဲ့သို့ မကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ လာအိုအစိုးရသည် အစည်းအဝေးတက်ရောက်မည့် လာအိုအရပ်ဘက်အဖွဲ့အစည်းများကို ဖမ်းဆီးချုပ်နှောင်ခြင်းမပြုဟု အာမခံချက်မပေးနိုင်သဖြင့် လာအိုနိုင်ငံတွင် APF/ACSC အစည်းအဝေးကို မကျင်းပခဲ့ချေ။ APF/ACSC အစည်းအဝေးတွင် ဆွေးနွေးမည့် အတင်းအကျပ်ဖမ်းဆီးပျောက်ကွယ်သွားခြင်းများ၊ လူနည်းစုများ၏ အခွင့်အရေးများ၊ လိင်တူချစ်သူများ၏ အခွင့်အရေးများ၊ မဲခေါင်မြစ်နှင့်အခြားမြစ်များတွင် တည်ဆောက် မည့် ရေအားလျှပ်စစ်စီမံကိန်းများအပါအဝင် စီမံကိန်းကြီးများနှင့် အခြားသောထိလွယ်ရှလွယ်သော အကြောင်းအရာများအပေါ် လာအိုအစိုးရ၏ပိတ်ပင်တားမြစ်ချက်များကို APF/ACSC အစည်းအဝေး စီစဉ်သူများက ပြင်းဆန်ကန့်ကွက်ခဲ့ကြသည်။

တကယ်လို့လာအိုအာဏာပိုင်တွေဟာ သူနည်းလမ်းအတိုင်းဘဲဆက်သွားမယ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတွေကို အာဆီယံထိပ်သီး အစည်းအဝေးမှာ မဆွေးနွေးဘူးဆိုရင် သမ္မတအိုဘားမားလိုကမ္ဘာနိုင်ငံ့ခေါင်းဆောင်တွေဟာ လာအိုနိုင်ငံအတွင်းမှာ ဖြစ်နေတဲ့ ဒီပြဿနာတွေကို အစိုးရနဲ့ရော လူသိရှင်ကြားရော ဆွေးနွေးဖော်ထုတ်သွားရမှာဖြစ်ပါတယ်။ ဟု Human Rights Watch၏ Deputy Asia Director ဖြစ်သူ Phil RobertsonHuman Rights Watch ကပြောကြားခဲ့သည်။ ၄င်းတို့အနေနဲ့ ၄င်းတို့ရဲ့ လာအိုနိုင်ငံနဲ့ပူးပေါင်းဆက်ဆံမှုအနာဂတ်ဟာ Sombath Somphone အတင်းအကျပ်ဖမ်းဆီးခံပြီး ပျောက်ကွယ်ခဲ့ရတဲ့အမှုအပါအဝင် အခြားသော လူ့အခွင့်အရေးကိစ္စတွေဖွံ့ဖြိုးတိုးတက်မှုအပေါ် မှာမူတည်နေတယ် ဆိုတာ ရှင်းရှင်းလင်းလင်းဖော်ပြဆွေးနွေးသင့်ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအားလုံးဟာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့်အညီ အစိုးရရဲ့ကတိကဝတ်များအရသာ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို သေချာအောင်ဆောင်ရွက်သင့်ပါတယ် ဟု ဆက်လက်ပြောကြားခဲ့သည်။